
နေခြည်ဖြာတော့
နွေးလိမ့်မယ်
(ပတွဲ + ဒုတွဲ)
ခင်ဆွေဦး

(၁)

"နေခြည်ဖြာတော့ နွေးလိမ့်မယ်" လို့ စုံလင်ပြည့်ဝစွာ ရေးရမယ်ဆိုလျှင် စ လယ် ဆုံး ရေးချင် ပါသည် ။ တကယ်တော့ မြန်မာနိုင်ငံရေးလောက အတော်ဂယက်ရိုက်ခဲ့ပါသည် ။ ဇာတ်ဝင်ခန်း ဇာတ် ကောင်တွေကို နယ် ရုပ်ပမာ အကွက်ချရာ၌ တိုင်းပြည်နိုင်ငံရေးလောကသူရဲကောင်းများ နှင့် ဆန့်ကျင် ဘက်ဇာတ်ဆောင်တစ်ဦးကို ရဲဝံ့စွာ တင်ပြပေးခဲ့မိပါသည် ။ နိုင်ငံရေး အကြောင်းအရာတွေ အင်မတန် ကျယ်ကျယ်ပြန့်ပြန့် နောက်ခံနှင့်ရေးရာ သမိုင်းကြောင်းအခြေခံ သူများ နှင့်မတူ ဖြစ်ခဲ့ရပါ သယ်။ မူလဦးဆုံးရေးခဲ့တဲ့ တို့ တိုင်းဌာနီထက်ပို၍ စိတ်ဝင်စားဖွယ် ဖြစ်ခဲ့တယ်။ မြန်မာဝတ္ထုတွေ ဂျပန် ဘာသာပြန်ဖို့ ဆရာမောင်သာရတို့ စီစဉ်ရာ၌ ရွေးချယ်ရေးအဖွဲ့အစည်းမှ ဆရာ မြသန်းတင့်က "နေခြည်ဖြာတော့" အစား "တို့ တိုင်းဌာနီ" ကို ပေးမိလျက်သား ဖြစ်သွားပါတယ်တဲ့ ။ ဝေဖန်ရေး ဆရာစိုးမြင့်လက်ကျတော့ ငယ်ဘဝရေးခဲ့တဲ့ တို့ တိုင်းဌာနီကို ပိုက်၍ ကြိုက်နှစ်သက်မိပါတယ် ပြောပါသည် ။

ကျမစာရေးသူကိုယ်တိုင် အမှန်တိုင်း ဝန်ခံရလျှင် "နေခြည်ဖြာ" ကို ပိုနှစ်ခြိုက်မိ ပါသည် ။ ကျွန်မ ရဲ့ ပင်ကိုယ်ရေး လုံးချင်းဝတ္ထု ၆၅ အုပ် အနက် "နေခြည်ဖြာတော့ နွေးလိမ့်မယ်" ဟာ ၃၁ - ကြိမ် မြောက် ဆက်ရိုက်တာ အင်မတန်မြန်တယ်။ မစောင့်ရဘူး။ စာထဲမှာ သားလေးမွေးရင် အပြာရောင်၊ သမီးမွေးရင် ပန်းရောင်ကအစ စာဖက်သူက အပေါ်ထပ်ဂရံတာကြိုးတန်းမှာ အပြာရောင်လာမလား (သို့) ပန်းရောင်လာမားကအစ စိတ်ဝင်တစားနဲက ဒုတိယစာအုပ်ကို ဖတ်ခဲ့ကြတယ်။

စာပေခရီးသွားများ

ကိုရဲနောင် ပြောစကားအရ ----

လေမုန်တိုင်းကျတဲ့ အကြောင်းကို သီရိလဲ သိသားပဲ မဟုတ်လား။ သီရိရဲ့ - လေမုန်တိုင်း ဟာ တစ်ခါတလေ ၇၅ မိုင်၊ လေမုန်တိုင်ကြီးတွေ ဆိုရင် မိုင် ၁၅ဂ အထိ တိုက်ခတ်တာပဲ။ ဒီလေမုန်တိုင်း တွေကြောင့် လူတွေ ကြောက်ခမန်းလိလိ သေကြတယ်။ သစ်ပင်နဲ့ ကောက်ပဲသီးနှံတွေ ပျက်တယ်။ အဆောက်အဦးတွေ ပြိုတယ်။

အဆုံးအရှုံး အပျက်အစီးတွေ များ တယ် -

-ဘာပြောချင်သေးလဲ မောင်က -

ဩော် - မောင့်ကို မုန်တိုင်းဘေးဒဏ်တွေ့နေတဲ့ လူတစ်ယောက်လို့သာ သီရိမှတ်လိုက်ပါ တော့လို့ ပြောမလို့ ပါ -

ကိုရဲနောင်ကို ဆေးကုသတဲ့ ဆရာဝန်က -

ကိုရဲနောင်က တကယ်ဟီးရိုးပဲဗျ။ အစာမရှိတဲ့ ၁၉ ရက်လုံးလုံးနေခဲ့တာ၊ နည်းတဲ့ စွန့်စား ခြင်းကြီးလား၊ ကျွန်တော်တို့ ဆိုရင် တစ်နပ်တောင် အငတ်မခံနိုင်ဘူး။

မောင့်ကို အားပေးအားမြှောက်မလုပ်ပါနဲ့ ဒေါက်တာ၊ သီရယောက်ျားနဂိုကမှ သူမှန်တယ် ထင်ရင် ဇွတ်လုပ်တတ်တာ -

ဟန့်တားပြောဆိုနေတယ်၊ သီရိ သူရဲ့ ပူးနွေးတဲ့ လက်ကလေးများ နှင့် ကိုရဲနောင် ရဲ့ လက် တွေကို ဆုပ်ကိုင်ပြီး

"အခြေအနေ ဘယ့်နှယ့်နေလဲ ဒေါက်တာ"

ကောင်းလာမှာ ပေ့ါ --- တကယ့်သံမဏိစိတ်ဓါတ်ပဲ၊ ဒီစိတ်ဓါတ်နဲ့ ပဲ အသက်ရှင်နေမဟုတ် လား -

"ဒီစိတ်ဓါတ်နဲ့ မိန်းမကို ပစ် ပစ်သွားတာပေ့ါ"

ပြောရင်း မျက်ရည်တွေ ဝဲနေသေးတယ် ---

နမူနာ အကြောင်းအရာများ အပြင် ဝတ္ထုရဲ့ အဓိကရည်ရွယ်ချက် (Main Theme) ပေါ်လာ တယ်။ ဇာတ်အိမ်တစ်ခုလုံး အလွမ်းနှင့်ဖွဲ့တယ်၊ ချစ်ခြင်းမေတ္တာနှင့် နွယ်ပင်ယှက်တယ်၊ ချစ်သူတို့ ဇာတ်မှာ အဓိကက တော့ နိုင်ငံရေးပဲ။ ကိုရဲနောင်ရဲ့ နိုင်ငံရေးစိတ်ဓါတ်၊ ဇွဲ၊ လုံ့လ၊ လုပ်ရက်တွေ ဟာ နိုင်ငံရေး ၁၊ နိုင်ငံရေး ၂၊ နိုင်ငံရေး ၃၊ ဒီလိုပဲ ပြောရတော့မယ်။ “နှင်းဆီကမ္ဘေး” ဝတ္ထုက နိုင်ငံရေး ဇာတ် က တစ်မျိုး၊ လူငယ်တွေရဲ့ သမဂ္ဂစိတ်ဓါတ် ဖွံ့ဖြိုးမှု၊ ခု “နေခြည်ဖြာတော့နွေးလိမ့်မယ်” ဟာ တစ်ပြည်လုံး ရဲ့ အရေး။

မဲဇာမြိုင်မှ ပတ်ပျိုးဟာ တကယ်-အလွမ်းဘွဲ့ ရည်ရည်ချက်ပဲ -

နှင်းငွေ့ရည်၊ အံ့မဆုံး၊ မိုးပေါက်ရှုံး --

တိမ်တိမ်ခြေ ဖုံးပါလို့ - အုံး ချိမ့်ချိမ့်နှောင် --

တည့်မွန်း နေခြည်ဖြာမှ ညနွေးတယ်လေး၊ ကွေးသလုံးတတ်ပေါင်။

သဲသောသောင်မြေဝေးမှာ ၊ လွမ်းဘော်မဲ့ဆွေး။။

လေသွေးရာချီ --- ရွှေဖီကမ္ဘေး။ ဝတ်ပန်းခိုင်နှင့်၊ မဲဇာမြိုင်၊ ဂနိုင် အုပ်မှာ ။ ရွှေဘုတ်ကကြွေး။

တကယ်တော့ “တည့်မွန် နေခြည်ဖြာမှ နွေးတယ်လေ” ဝေါဟာရပတ်ပျိုးကို စကားပြော နှင့် ရေးခဲ့တာမို့ ကျွန်မရဲ့ ဝတ္ထုအတွင် အင်မတန်အဆင်ပြေသော ခေါင်းစဉ်ဖြစ် လာလေတယ်။ စာနှင့်င ရေးရလျှင် -

နေခြည်ဖြာမှ နွေးသော်ကြောင့် စာအရေးနှင့်ရေးလျှင် ဝတ္ထုပိုင်း၌ ထောင့်နေလိမ့်မည်။ ရတု အချနှင့်တော့ အံကိုင်ချင်ကိုက်မည်။ ဘာပဲဖြစ်ဖြစ်စေ -

“နေခြည်ဖြာမှ နွေးသောကြောင့်” ရုပ်ရှင်ပေါ်လာတဲ့ အခါ ကျွန်မအ တွက် အဆင်မပြေသော ကိစ္စတစ်ခု ပေါ်လာပါသည် ။ “နေခြည်ဖြာ တော့ နွေးလိမ့်မယ်” ရေးခဲ့တဲ့ ကျွန်မအတွက် ရုပ်ရှင်ဖြစ် လာတော့မယ် အခါ ဒီနာမည်ကို ရုပ်ရှင်မြှင့်တင်ရေးမှာ သုံးခွင့်မသာတော့ပါ။ ဒီတော့ ကျွန်မ ဝတ္ထု နာ မည်ပြောင်းရပါတော့တယ်။

“မောင့်အချစ် သီရိ” တဲ့ ။

ထောင်ထဲ ရဲဘော်အချင်းချင်း နောက်ရင်းပြောင်ရင်း “မောင့်အချစ် သီရိ” -- ဟုတ်ကဲ့ -- နာ မည်လေးလှတော့လှပါရဲ့ ၊ ဒါပေမယ့် ရည်ရွယ်ချက် Theme အရ လျော့သွားပါတယ်။ ဘယ်တတ် နိုင်မလဲ၊ နာ မည်ရှားရှား နှင့် လုပ်ချလိုက်တော့ ကျွန်မ သတင်းစာထဲ ကြော်ငြာထည့် လိုက်ပါတော့ ထင်တယ်။

ရုပ်ရှင်ကြော်ငြာ -

နေခြည်ဖြာမှ နွေးသော်ကြောင့် … ကျွန်မရေးခဲ့တဲ့ ဝတ္ထုနာမည် မဟု တ်ပါကြောင်း ခေတ်စကား နှင့် ပါးပါးလေးဖြစ်ရပ်ပါပဲ။ မတတ်နိုင်ပါ ဘူး - ပြုသူအသစ်လို့ ပဲ ပြောရတော့မှာ ပဲ -

အမှာ စကား တဖွဖွ ရေးခိုင်းတဲ့ ခင်မို့မို့နီ၊ သမီးများ - နှင်းပွင့်ဖြူ နှင့် မိုးမခ တို့ ကို ကျေးဇူးတင် ကြောင်း ပြောပါရစေတော့ …။ အားလုံး ကျန်းမာ စိတ်ချမ်းသာ နှင့် ပျော်ရွှင်ကြပါစေ။

ခင်ဆွေဦး

# အခန်း (၁)

အတိတ်နိုင်ငံသမိုင်းသည် ပြည်သူကို ကျေးဇူးပြုခဲ့သည် အဖြစ် အပျက်တို့ ကား ဖယ်ရှား၍ မရစ ကောင်း။ မေ့မရနိုင်စကောင်း။

စင်စစ် အတိတ်နိုင်ငံသမိုင်းသည် ဗမာလူမျိုးတို့ ၏ သွေးနှင့်ရေးခဲ့သည် သာ ဖြစ်သည် ။ ဗမာ လူငယ်တို့ ၏ သွေးတို့ သည် ဒလဟော ချောင်းသဖွယ် စီးဆင်းခဲ့ပြီး သွေးပင်လယ် ဝေလျှံခဲ့သည် ။

ဒါတွေကို သီရိ သိသလား။

မောင့်ရဲ့ သီရိ ဒါတွေ ဘာမှ မသိပါဘူးဟု ပြောလိုက်လျှင်တော့ မခံချင်စိတ် နှင့် နှုတ်ခမ်းကို တင်းတင်းစေ့ပေလိမ့်မည်။ ထိုနောက် ဂမ်းနည်း စိတ်နှင့် မျက်ရည်ဝဲနေပေဦးမယ်။ သီရိသာ မဟုတ်၊ သီရလို မသိတဲ့ လူတွေ သီရိပတ်ဝန်းကျင်မှာ အများကြီး ရှိနေသည် ။

ဒီလို မသိတဲ့ လူတွေကြောင့် ဗမာပြည်ကြီး ဒီလိုဖြစ်နေတာပေါ့လို့ သီရိနားလည်အောင် ကလေးပြော ပြောရပေလိမ့်မည်။

ထိုတစ်ညနေကိုတော့ ကိုရဲနောင် မမေ့နိုင်ပါလေ။ ထိုညနေတွင် မိုးမှာ အတော်ပင် သည်းနေ သည် ။

လေပြင်းမုန်တိုင်းတို့ သည် တဝုန်းဝုန်း တိုက်ခတ်ကာ လေ၏ ဒလကြမ်းအဟုန့်တွင် သစ်ပင် တို့ သည် ထက်ပိုင်း ကျိုးပြတ်သွားသည် ။ လျှပ်ပန်းတို့ သည် တွန့်လိမ်ယှက်နွယ်လျက် ဝင်းကနဲ လက် ကနဲ ပြိုးပြက်ကာ ကြောက်မက်ဖွယ် အလင်းရောင်၏ နောက်ဆွယ်တွင် မိုးထစ်ချုန်းသံက လိုက်ပါ လာလေသည် ။

မိုးက သန်နှောင်မို့မို့ နှုတ်ဆက်တော့သလို ရက်ရက်စက်စက် အငြိုးကြီးစွာ ရွာချလေသည် ။

မှတ်မှတ်ရရ ...

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ တတိယပတ်ထဲတွင် ဖြစ်သည် ။ ဒီအချိန်ဒီကာလ ခေတ်အခါမှာ ကန်စတေးသောခေတ်ကြီး ဖြစ်သည် ။

နောင်လာနောင်သားတွေ ရေကြည်ရေကောင်း သောက်ရေအောင် ကန်တူသည့်အခါ လူ တွေ ကို ကန်ရိုးအောက်တွင် စတေးခဲ့ကြသည် ။

ထို့အတူ နောက်တက်လာမည့် ဗမာတစ်မျိုးသားလုံး ကောင်းစားရေးအတွက် လက်ရှိ နိုင်ငံ နယ်ချဲ့စနစ် တိုက်ဖျက်ရေးတပ်သားတို့ သည် စတေးခဲ့ကြရပေမည်။

သို့မှာ သာ ဗမာပြည်ကြီးသည် နယ်ချဲ့စနစ်အောက် နင်းပြားဘဝမှ လွတ်မြောက်နိုင်မည် ဖြစ်ပေသည် ။

ဤဥပမာများကို နိုင်ငံခေါင်းဆောင် သခင်စိုးက သဇင်ဗဟိန်း၏ ခေ ရှင်လောက စာအုပ်နိဒါန်း တွင် ဖွင့်ဟတင်ပြခဲ့လေသည် ။

သို့လျှင် နိုင်ငံရေးသားကောင် လူငယ်ငါးယောက်၏ မိုးစက်လက်ရွှဲနစ်သော ကိုယ်များက ခိုက်ခိုက်တုန်နေကြသည် ။

ဝါးရုံပင်များ အကြားတွင် ရပ်တည်နေသော အိမ်အိုအမြင့်ကြီးဆီသို့ လျှောက် လာပြီး အောက် ထပ်တွင် အဆင်သင့် ဟင်းလင်းဖွင့်ထားသော တံခါးမမှ အဝင် လှပဖြူဖွေးသော မျက်နှာလေးကို စန္ဒာ လမင်း ထွန်းလင်းသလို မိုးညအမှောင်၏ လျှပ်တပြက်တွင် မြင်လိုက်ရလေသည် ။

သူတို့ ကိုလည်း ထိုးမိန်းမငယ်က မြင်လိုက်ရသည် ။ ခဏချင်းပင် လန့်ဖျပ်အော်ဟစ်ရန် ပါး စပ်က ဟ လိုက်လေသည် ။

ထိုခဏ၌ သန်မာသော ကိုရဲနောင်၏ လက်က မိန်းကလေး၏ ပါးစပ်ကို မအော်နိုင်ရန် ပိတ်ထား လိုက်လေသည် ။

လျှင်မြန်ဖျတ်လတ်မြဲဖြစ်သော ကိုရဲနောင်က မိန်းကလေး အော်ဟစ်နိုင်ခွင့်မရခင် ပါးစပ် ပိတ်လိုက်သည့်အတွက် သူ့ရဲဘော်များ က သူ့ကို ကျေးဇူးတင်သော အမူအရာနှင့် ကြည့်နေကြ သည် ။

မိန်းကလေး၏ မျက်လုံးပြူးလေးများ သည် ပို၍ ဝိုင်းသွားသည် ။ မျက်လုံးများကို လှုပ်ရှားကစား ရင်း သူ့လက်က ကိုရဲနောင်၏ လက်ကို အတင်းဖြုတ်ပစ်ရန် ကြိုးစားနေသည် ။

ကိုရဲနောင်၏ လက်က တင်းကြပ်မာထန်သော်လည်း မျက်နှာထား ချိုလျက် ...

"သည်းခံပါ ခင်ဗျာ ... အော်ဖို့ မကြိုးစားပါနဲ့ ... ပြီးတော့ ကြောက်လည်း မကြောက်ပါနဲ့ ၊ ကျွန်တော်တို့ လူကောင်းတွေပါ ... လူဆိုးဓားပြတွေ မဟုတ်ပါဘူး"

ထိုအခိုက် တစ်ယောက်သူက ခြောက်လုံးပြူကို ထုတ်ကာ ချိန်လိုက်သည် ။

"ကိစ္စက အရေးကြီးနေလို့ ပါ၊ ကျွန်တော်တို့ က မိကောင်းဖခင် သားသမီးတွေပါ"

"အကူအညီတောင်းဖို့ ဝင်လာတာပါ"

နောက်တစ်ယောက်က ပြောလိုက်ပြန်သည် ။

အားလုံးသော လေသံတွေက ပျော့ပျောင်းလျက် တောင်းပန်တိုလျှိုးသံ ပါလေသည် ။ လေသံ တွေက နူးညံ့သိမ်မွေ့သည် ။ အသံချည်းပဲသာ နားထောင်းရမည်ဆိုလျှင် တစ်ဖက်သားအတွက် ဘာမှ စိုးရိမ်ပူပန်စရာ မရှိ။ ကြောက်ရွံ့စရာမရှိ။

ယခုတော့မူ အပြုအမူက စိုးထိတ်စရာ။ သူတို့ ကိုယ် သူတို့ လူကော

င်းသာဆိုသည် ။ သူတို့ မျက်လုံးတွေက ဂဏာမငြိမ်ကြ။ ဟိုကြည့် ဒီကြည့် ကြည့်နေကြသည် ။ ရုပ်တွေကလည်း ဖရိုဖရဲနှင့် အဝတ်အစားတွေမှာ ရွှံ့အလူးလူး ...။ လျှပ်စီးအပြက်၊ အရောင်ထွက်၍ ဝင်းလက်တိုင်း သူတို့ ကို မြင် နေရသည် ။

အလို သူတို့ ကိုမှာ သွေးအလိမ်းလိမ်းလူးလျက်ပင် နေပေသည် ။

သွေးတွေ ... သွေးတွေ ... သွေးတွေ လူသွေးတွေပဲ ဖြစ်မည်လော။ မိန်းမငယ်က မတွေး တက်ပေ။ သူ့ပါးစပ်ကို ပိတ်ထားသော သူက ...

“မအော်နဲ့ နော် ... အော်ရင်တော့ ကျွန်တော်တို့ တာဝန် မဟုတ်ဘူး ”

ခြိမ်းခြောက်သလိုပြောကာ ပါးစပ်ပိတ်ထားသော လက်ကို ဖြေလွှတ်လိုက်လေသည် ။

မိန်းကလေးက ထိတ်လန့်ကြောက်ရွံ့မပြေ။ တစ်ကိုယ်လုံး တုန်နေသည် ။ မျက်လုံးများက အပေါ်ထပ်သို့ လှမ်းကြည့်လိုက်ပြီး ..

“ဘာ .. ဘာလုပ်မလို့ လဲ” ဟု အနိုင်နိုင် အားယူချက် ဒေါသလည်း ဖက်လျက် မေးလိုက် လေသည် ။

“ခင်ဗျား မိဘတွေ မရှိဘူးလား ... ရှိမှာ ပေါ့ ...”

ကိုရဲနောင်က မေးကာ သူ့ဖာသူသူ အဖြေပေးနေသည် ။

“ရှိ ... ရှိတာပေါ့”

“ကျွန်တော်တို့ ဒီမှာ တစ်ည တည်းခိုချင်လို့ ပါ။ တည်းခိုခွင့်ပြုပါ၊ ခင်ဗျား ဗမာအမျိုးသမီး ပဲမဟုတ်လား”

“ဟုတ်တယ်”

ကိုရဲနောင်က တအားတက်လျက် ...

"ခင်ဗျား မိဘတွေကော ဘယ်မလဲ"

"ပါပါနဲ့ မာမာ အပေါ်ထပ်မှာ ..."

သူလေးက အဖြေစ်ပေးသည် ။ ပါပါ နှင့် မာမာ ဆိုသည် မှာ သူ့အဖေ နှင့် အမေကို ဆိုလို ဟန်ရှိသည် ။ အတော်ပင် ဘိုဆန်သော အပိုင်းအပိုင်းက ဖြစ်မှာ ပဲ။ ကိုရဲနောင်က တွေးသည် ။

ထိုအချိန်တွင် မြို့ကြီးနေ ဗမာမိဘ အများ အပြားကို အင်္ဂလိပ်ဆန်ဆန် "ဒက်ဒီ၊ မာမီ" ဟု ခေါ်ကြသည် ။ အထက်တန်းကျကျ အင်္ဂလိပ်ဆန်လိုသူ များကတော့ ပါပါ နှင့် မာမာ ဟု ခေါ်ကြသည် ။ စင်စစ် အင်္ဂလိပ် အလိုတော်ရိများ သည် အင်္ဂလိပ်၏ အမူအကျင့်ကို ကောင်းစွာ အတုခိုးကြသည် ။

ကိုရဲနောင်တို့ စိတ်ပျက် အားလျော့စွာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည် ။ သူတို့ တည်းခိုသော အိမ်ရှင်သည် နိုင်ငံရေးသမား တစ်ဦးဦး သို့မဟုတ် အရပ်သားရိုးရိုးဖြစ်လျှင် ဘယ်လောက်ကောင်းမလဲ တောင့်တကြသည် ။ သို့မှ သာ သူတို့လို နိုင်ငံရေးသမားလေးတွေကို လက်မနှေးသော အကူအညီကို ပေးပေးလိမ့်မည်။

ထို့ပြင် အင်္ဂလိပ်ကိုးကွယ်သောသူတို့ သည် ဗမာတို့ လွတ်မြောက်ရေးတိုက်ပွဲကို လုံးဝ ယုံကြည်သူများ မဟုတ်။ တိုင်းတစ်ပါးသားကို အားထားခြင်းဖြင့် ဂျပန်အလိုတော်ရိလည်း ဖြစ်ချင် ဖြစ်လာပေလိမ့်မည် ။

ဂျပန်ကြီးစိုးဆဲ အချိန်ကာလ၌ ဂျပန်ကို တော်လှန်ရန် စီစဉ်နေသော မြေအောက်တော်လှန် ရေးသမားများ အဖို့ ဘာကိုမှ စိတ်ချလို့ မရှိ။

“ဒီလို ဂျပန်တွေ လာသလား”

ကျွဲကော်ကိုင်းမျက်မှန်နှင့် လူငယ်တစ်ယောက်က မေးလိုက်သည် ။ ထိုသူသည် မေးမြန်းရင်း သူ့မျက်မှန်ကို ချွတ်လျက် မိုးရေတွေကို သုတ်ပစ်နေသည် ။ ရွှေကိုင်းမျက်မှန် နှင့် လူတစ်ယောက်က လည်း သူ့မျက်မှန်ကို သုတ်ပြီး မိန်းကလေးကို ခြေဆုံးခေါင်းဆုံး ငေးစိုက်နေသည် ။

မကြာခဏ ဝင်းလက်လာသော လျှပ်ရောင်က မိန်းကလေးကို မီးဆလိုက်ထိုးပေးသကဲ့ သို့ ရှိချေမည်။

ရွှေကိုင်းမျက်မှန်နှင့်လူ၏ မျက်နှာသည် ဝေဒနာတစ်ရပ်ကို ခံစားရသည့်ပမာ ရှုံ့မဲလျက် နွမ်း ဖျော့နေသည် ။ မိန်းကလေးက ...

“ဂျပန်တွေ တစ်ခါ တစ်ခါ လာတယ် ...၊ အိုက်တဲ့ အခါဆိုရင် သီရိတို့ တွင်းမှာ ရေလာချိုး တယ်“

“ဘယ်အချိန်မှာ လာတတ်တယ်

ကိုရဲနောင်က တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည့်အလား -

“ကိုင်း ... သီရိ၊ ခင်ဗျားနာမည် သီရိနော်၊ စောစောက ပြောတ ...”

“သီရိဇော် ပါ ...”

“အဲ ... သီရိဇော်နဲ့ ဖေဖေနဲ့ မေမေ ဆုံပေးပါလား၊ အပေါ်ထပ်မှာ ရှိတယ်ဆိုရင် ကျွန်တော်တို့ ကို ခေါ်သွားပေးပါလား။ ကျွန်တော်တို့ လည်း ချမ်းလှပြီ၊ ဟောဒီ မိတ်ဆွေကလည်း ခါးဆစ်ကိုက် ပြီး နေမကောင်းဘူး၊ ကျွန်တော်တို့ တစ်ကိုယ်လုံးလည်း မျှော့တွေ တွယ်ထားလို့ သွေးတွေထွက် နေတယ်”

“ဟင် ... မျှော့တွေ ... မျှော့တွေ ဟုတ်လား”

သီရိဇော်က အလန့်တကြား ကြောက်ရွံ့စွာ အော်ဟစ လိုက်လေသည် ။ သူ့အမူအရာသည် ခုန်ပေါက်လုမတတ် ရှိနေသည် ။ နောက်သို့လည်း သိသိသာသာ တိုးဆုတ်သွားသည် ။ မြှော့ကို ရန်သူလူဆိုးထက် ပိုကြောက်လန့်ပုံရလေသည် ။

ထိုအချိန်၌ ကိုရဲနောင်သည် သတိကြီးစွာ နှင့် အိမ်တံခါးမကြီးကို ပိတ် လိုက်လေသည် ။

အမှောင်က ပိန်းပိတ်မည်းမှောင်သွားသည် ။ သူတို့ လူသိုက်ထဲက တစ်ယောက်က လက်နှိပ် ဓါတ်မီးကိုထိုးကာ လမ်းပြ လိုက်လေသည် ။ လက်နှိပ်ဓါတ်မီး အလင်းရောင်အောက်မှာ ၁၆ နှစ်အရွယ် မျှသာ ရှိသေးသော မိန်းမငယ်၏ ကြော့ရှင်းသွယ်နွဲ့သော ကိုယ်ဟန်ကို မြင်တွေ့နေရလေသည် ။

လှေကားဆီမှ တစ်လှမ်းချင်းတက်သွားသော သီရိဇော်၏ ရွှန်းသစသ်ကျစ်လျစ်၊ ဖွံ့ဖြိုးသော ကိုယ်နောက်ပိုင်းအလှမှာ စွဲထင်ကျန်ရစ်သည် ။

# အခန်း (၂)

“သမီးလေးက သိပ်မိုက်တာပဲ” ဟု သီရိဇော်၏ အမေက ဗမာလိုရော အင်္ဂလိပ်လိုရောပြောကာ အပြစ်တင်နေသည် ။ သီရိက သူ့ကို အပြစ်တင်သည် ကို မကြိုက်သဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ ထားသည် ။

ခပ်အုပ်အုပ်ထွန်းထားသော မှန်မီးအိမ်အလင်းရောင်မှ သီရိဇော်၏ မျက်နှာကို မြင်နေရသည် ။

“သမီးဘယ်သိမလဲ ... မြသင်က နောက်ဖေးသွားချင်တယ်ဆိုလို့ စောင့်နေတာ ... မာမာရဲ့ ... သူက သရဲကြောက်လို့ တဲ့ ... ခြံထဲမှာ ဘိစပယ်တွေကလည်း အရမ်းမွှေးနေတာပဲ၊ သမီးက ခူးချင် လာတာနဲ့ အပြင်ခဏထွက်မယ်လုပ်တုန်း ...”

သီရိဇော်က ကလေးမငယ်၏ အပြစ်ကင်းစင်သော အမူအရာမျိုး နှင့် တင်ပြနေသည် ။

ကိုရဲနောင်တို့ လူသိုက်က အိမ်ပေါ်ထပ်၏ နောက်ဖေးစင်္ကြံအထွက်စဥ့်အိုးထဲမှ ရေကိုခပ်ကာ ပေကျံနေသော ရွှံ့များကို ဆေးကြောရင်း သီရိဇော်တို့ မိသားစုကို လှမ်းငေးကြည့်နေသည် ။ ကိုရဲ နောင်သည် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း သူ့ရောင်းရင်းများကို တွယ်နေသော မျှော့များ ကို လည်းကောင်း၊ သူ့ကိုယ်မှ မျှော့များကိုလည်းကောင်း မီးနှင့်လိုက်တို့ ကာ ခွာချနေသည် ။ ထို့နောက် တီးတိုးလေသံ နှင့် -

“မဒီလေးက မျှော့တော့ ကိုယ်တို့ ထက် ရွံ့ပုံပဲ” ပြောရင်း ပြုံးမိလေသည် ။

“အံ့အင်ကြီးက တော်သားပဲ”

ကျွဲကော်ကိုင်းနှင့်လူက သီရိဇော်၏ ဖခင်ကြီးအား လှမ်းကြည့်ရင်း

ပြော လိုက်လေသည် ။

သီရိဇော်၏ ဖခင်ကား အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ခန့်ညားလေသည် ။ စစ်ဘေးစစ်ဒဏ်ကို ရှောင်တိမ်းနေသော ရာဇဝတ်ဝန်ကြီးဟောင်းတစ်ဦး ဖြစ်သည် ။

“ကျွန်တော်တို့ ဟာ လူကြီးလူကောင်း သားသမီးတွေပါ။ ဟိုက်စကူးကျောင်းသားတွေပါ၊ မန္တလေးကို ခရီးထွက်ဖို့ ရန်ကုန်ကနေ ချက်ပလက်ကားနဲ့ လာကြရင်း နေ့လယ် (၁) နာရီမှာ ပဲနွယ် ကုန်းကအထွက် မဟာမိတ်လေယာဉ်ပျံနဲ့ ဗုံးကြဲကာ ခံရတာ ပဲ”

“မောင်တို့ အတော်အတင့်ရဲတာပဲ၊ ဒီလိုအချိန်မျိုးမှာ ဘယ်သူမှ ရန်ကုန် မန္တလေးလမ်းကို ကိုယ်ပိုင်ကားနဲ့ မသွားဘူး”

ရာဇာဝတ်ဝန်ကြီးဟောင်း ဦးဘဇော်က ဗမာလို ပြန်ပြော လိုက်လေသည် ။ အင်္ဂလိပ်ဘာသာ ဖြင့် ပီသ ရှင်းလင်းစွာ ပြောပြနိုင်စွမ်းရှိသော ကိုရဲနောင်တို့ လူသိုက်အားလည်း အထင်ကြီးသွားပုံ ရလေသည် ။

“မန္တလေးကို ဘာကိစ္စနဲ့ ခရီးသွားတာလ”

ဦးဘဇော်က တစ်ဆက်တည်း မေးလိုက်တော့ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်မိရန် သတိထားရင်း ကိုရဲနောင်ကပင် ...

“ကုန်ရောင်း ကုန်ဝယ် ကိစ္စနဲ့ ပါ”

“ဘာကုန်တွေ တင်လာသလဲ”

ဦးဘဇော်က ပုလိပ်ဖက်အရာရှိပီပီ စေ့စေ့စပ်စပ် မေးခွန်းထုတ်လိုက်သည် ။ အားလုံး စကား မမှားရန် ငြိမ်သက်နေကြကာ အသက်ရှူသံမှ အပ ဘာသံမှ မကြားရပေ။

“အထည်အလိပ်တွေပါ ဦး၊ ချည်ထည်တွေနဲ့ ပဒုမ္မာအုပ်တွေ”

ကိုရဲနောင်က သခ်နုပ္ပတိဉာဏ်နှင့် ဖျတ်ခနဲ အဖြေပေး လိုက်လေသည် ။

“ပဒုမ္မာတွေ ဟုတ်လား...၊ အဖိုးတန်တွေပါလား တော်တော်များ သလား”

သီရိဇော် မိခင် ဒေါ်မေအောင်က အမျိုးသမီးတို့ ပုဒမ္မာအုပ်တွေကို စိတ်ပါဝင်စားစွာ မေးလိုက် လေသည် ။

“များ ပါတယ်။ ၁၁ အုပ်လောက်ပါလာတယ်”

“အဲဒါတွေရော”

“ဗုံးထဲပါသွားပြီ၊ ကားလည်း မီးလောင်သွားပါတယ်၊ ကျွန်တော်တို့ အဝတ်အစား နည်းနည်း ကလွဲလို့ ဘာပစ္စည်းမှ မရလိုက်ပါဘူး”

“အို ... ဖြစ်မှ ဖြစ်ရလေ”

“ကျွန်တော်တို့ မိတ်ဆွေတစ်ယောက်လည်း ပစ္စည်းတွေသယ်ဖို့ ကားနားအသွားမှာ စစ်သေ နတ်မှန်ပြီး ဆုံးရှာတယ်”

ပြောရင်း. ကိုရဲနောင်အသံမှာ တုန်နေသေးသည် ။

ဒေါ်မေအောင်က ဘာတစ်ခုမှ မကောင်းဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲ အသွားအလာဆင်းရဲ နဲ့ လူတွေမှာ လည်း ကောင်းကောင်း နေရတယ်ကို မရှိဘူး။ ကျီးလန့်စာစားနဲ့ ကွယ်” ဟု ညည်းညူ လိုက်လေသည် ။

ဒေါ်မေအောင်၏ စုတ်သပ်သံနောက်ကွယ်၌ ရွှေကိုင်းမျက်မှန် နှင့် လူငယ်ကလည်း ခါးကိုကိုင် ကာ စုတ်သပ်ညည်းနေသည် ။ ကိုရဲနောင်

က သူ့ကိုယ်တွင် ပေပွနေသော စောစောက ကျဆုံးသွားခဲ့ သော သခင်ဘိုကြီး၏ သွေးစများ နှင့် မျှော့တွယ်သော ဒဏ်ရာဒဏ်ချက်များကြောင့် ယိုစီးနေသော သွေးများကို လက်ကိုင်ပုဝါနှင့် သုတ်ပစ်လိုက်ရလေသည် ။

သူတို့ သည် ခြေလက်များကို သုတ်သင်ဆေးကြောပြီးသည် အထိ အနိဋ္ဌာရုံ မြင်းကွင်းများကို မျက်စိထဲက ဖျောက်ပစ်လို့ မရ။

သူတို့ စီနင်းလိုက်ပါလာသော ကားဘယ်ဘက်ဘေးမှ အာ၊ အေ၊ အက် (ဖ်)၊ ကေ ၃၂ ဗုံးကြဲ တိုက်လေယာဉ် နှစ်စင်း အနိမ့်လေးပျံသန်းလာသည် ကို မြင်လိုက်ရသည် ခဏ၌ ကားပေါ်မှ ကမန်း ကတန်း ခုန်ဆင်းပြီး နေရာယူလိုက်ကြရသည် ။

လေယာဉ်ပျံနှစ်စင်းသည် တစ်စင်းပြီးတစ်စင်း ကားကို သေနတ်တရစပ်ပစ်လိုက်ရာ ကားမှာ မီးလောင်သွားသည် ။ သခင်ဘိုကြီး၏ ဦးဆက်များ လန်လျက် လက်ခြေနှစ်ဖက် ပြတ်ထွက်သွားပြီး မြေပေါ် ရုတ်တရက် ပြိုလဲကာ ကျန်ရစ်ခဲ့လေသည် ။ အားလုံး စိတ်ထိခိုက်လျက် မျက်ရည်ကျရုံမှ အပ ဘာမှ မတတ်နိုင်ပေ။

တစ်လှေတည်းစီး တစ်ခရီးတည်း သွားလာခဲ့ကြသော လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ အသက် တစ်ချောင်းသည် လက်ကွေးမဆန့်မီ ကျဆုံးခဲ့ရလေသည် ။

ဤကား နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်သူများ တွက် ရလဒ်ပင်တည်း။ ကိုရဲနောင်ကို အားတင်သည် ။

နိုင်ငံရေးလုပ်သူများ သည် သူများ ထက် အပင်ပန်းခံ လုပ်ရသည် ။ သူများ ထက် အနစ်နာခံရ သည် ။ ဘယ်သူလုပ်လုပ် မလုပ်လုပ် တာဝန်ခံဆောင်ရွက်ရသည် ။

အနှောင့်အယှက် အမျိုးမျိုး ဒုက္ခအမျိုးမျိုးတို့ ဖြင့် ရန်သူ မီးဝိုင်းသလို တွေ့နေရရာ ဘယ်နေရာ မှ အညံ့ခံလို့ မဖြစ်။ လျှော့ပေးလို့ မဖြစ်။

သူများ တွေ ပျော်သည့်အခါ မပျော်နိုင်။ သူများ တွေ အိပ်သည့်အခါ မအိပ်နိုင်။ သူများ တွေ စား သည့်အခါ မစားနိုင်။ အမျိုးမျိုး ဖွဲမျိုးခံလုပ်ရ လေသည် ။

သူတို့ ပုန်းကွယ်နေရာမှ ထလာကြသောအခါ၌ ကားလည်း မီးဟု န်း ဟု န်း တောက်လောင်နေ ပေပြီ။ ပစ္စည်းများအားလုံး မီးထဲပါသွားလေ သည် ။

ကားကို ဝိုင်း၍ မီးငြိမ်းကြသည် ။ ကားထဲမှ မီးကျွမ်းနေသော စက္ကူ လိပ်ကြီးတစ်ခုကို သခင်ကံ ညွန့် (ကွဲကော်မျက်မှန်ကိုင်းနှင့်လူ|||||||||||||) က ကပျာကယာ ထုတ်ယူလိုက်ပြီး ကိုရဲနောင်အား ကမ်းပေး လိုက်လေ သည် ။

“သွားပြီ” ဟု တစ်ယောက်က စိတ်ပျက်လက်လျှော့သံနှင့် ပြော လို က်လေသည် ။

“မသွားပါဘူး၊ အားလုံးပြာမှ မဖြစ်သေးဘဲ၊ တချို့တစ်ပိုင်းတစ်စ နဲ့ ဖတ်လို့ ရလိမ့်မယ် ထင် တယ်”

ကိုရဲနောင်က ဖြေသည် ။

“ပါတီစာမှန်းသိရင် ဖိုးရဲနောင် နှင့် နောက်ပိုးအိမ်ကို ဆွဲပြေးပါတယ် ”

အရပ်ပျက်ပျက် နှင့် ကိုအုံးမောင်က ပြော လိုက်လေသည် ။

“ဘယ် အသက်နဲ့ လူ အိုးစားမကွဲတာ ကံကောင်း”

သခင်ကံညွန့်က ပြန်ဖြေခဲ့သည် ။ ကိုရဲနောင်က မီးလောင်လက်စ စက္ကူထုပ်ကို လွတ်အိတ်ထဲ သို့ ထည့်ထားရင်း ...

"ဒါတွေ ကျွန်တော်တို့ ကို ငရဲခန်းပို့မယ့် စာတွေပဲ၊ သေသေချာချာ သိမ်းထားမှ "

ပြောပြီး လွယ်အိတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည် ။ အကယ်တန်ဘိ ဤစာစလေး များ သည် ဂျပန်စစ်ပုလိပ် (ကင်ပေ) လက်ထဲ သို့ ရောက်သွားလျှင် တွေးဝံ့စရာ မရှိသော ငရဲကြီး ရှစ် ထပ်ကို အရှင်လတ်လတ် ကျသွားဖွယ်ရာ ဖြစ်ပေသည် ။

ဂျပန်စားအောက်တွင် အသက်ကို ဖက်နှင့်ထုပ်ထားရင်း နာရီပေါင်းများ စွာ ချုံစပ်တို့ တွင် ပုန်းအောင်းခဲ့ရလေသည် ။

နံနက် (၆) နာရီက ကားနှင့် ခရီးထွက်ခဲ့ကြရာ ထန်းလျက်ရေနှင့် ဖျော်ထားသော ကော် ဖီကြမ်း တစ်ခွက်စီကလွဲ၍ ဘာမှ မစားကြရသော ဝမ်းတွေမှာ အူဟောင်းလောင်း နှင့် တကြုတ်ကြုတ် မြည်နေလေသည် ။

ကွယ်လွန်သွားခဲ့သူ ကိုဘိုကြီးက ရန်ကုန်ကအထွက် "အရေးတော်ပုံ အောင်ရမည်" ဟု ကြွေး ကြော်ပြီး တစ်လမ်းလုံး စားစရာ သောက်စရာ များ အကြောင်းကို မြိန်ရေယှက်ရေ ပြောလာခဲ့သေး သည် ။ "မန္တလေးရောက်ရင် နန်းကြီးမုန့်တီ စားမယ်" ဟု တဖွဖွ အားခဲ့လာရင်း ဘဝထက်ပိုင်း ကျိုး ပြတ်သွားလေသည် ။

# အခန်း (၃)

သီရိဇော်၏ အသံကို ကြားရသည် ခဏ၌ ပူလောင်နေသော ရင်ထဲတွင် ချမ်းမြကြည်လင် ရေစင်သွန်းလိုက်သည့်ပမာ အေးမြသွားလေသည် ။ လေတွင် လွင့်ပါးနေသော ဆည်းလည်း သံကို အသံမှျမှာ ရှည်လျက် ကြေးစည်ကို ဝေစည်နေသည် ။ ရပ်နှင့် အသံနှင့် လိုက်ဖက်သည် ။ ဆုတောင်း ကောင်းသူလေးပေတကား။

“ဒီမယ် တစ်ခုခု စားချင်တယ်ဆိုရင် အောက်ထပ်ကို ဆင်းလာခဲ့ကြပါ”

ကိုရဲနောင်၏ ရောင်းရင်းတစ်ဦးက ငေါက်ခနဲ ထထိုင် လိုက်လေသည် ။ သူ့ဂမ်းပူဆာ မနေသာ တော့ပေ။ အစာအိမ်မှ ပိုးမျိုးရှစ်ဆယ်တို့ သည် ထကြွသောင်းကျန်းလှပြီ ဖြစ်သည် ။ “နိပ်ဟ” ဟု လည်း နှုတ်မှ တီးတိုးကြွေးကြော်နေလေသည် ။

ဘယ်သူမှ ဟန်မဆောင်နိုင်ကြဘဲ အားလုံးရုတ်ရုတ် ရုတ်ရုတ် နှင့်ထကာ အောက်ထပ်သို့ ဆင်းလိုက်ပါသွားကြလေသည် ။ လက်နှိပ်ဓါတ်မီး အလင်းရောင်ကို အားပြုလျက် အမှောင်ထဲတွင် စမ်းတဝါးဝါး နှင့် ဆင်းလာကြလေသည် ။ ခါးဆစ်ရိုးကိုက်သူကား တအင်းအင်း နှင့် ညည်းနေရှာ သည် ။

“ကိုသိန်းမြင့်ကိုတော့ တစ်နေရာမှာ ထားခဲ့ရမှာ ပဲ”

တစ်ယောက်သောသူက ပြော လိုက်လေသည် ။

“အင်း ... ခါးဆစ်ရိုးကျိုးသူအား ကုရာနတ္ထိ ဆေးမရှိတဲ့ ဗျ”

သခင်ကံညွန့်က နောက်ပြောင်နေသည် ။ နောက်တစ်ယောက်က -

“ဒီလိုမိုက်တော့ ဒီလိုခံရမှာ ပေါ့” ဟု တစ်ယောက်က ဆက်နောက်ပြန်သည် ။

“တော်စမ်းပါဗျာ”

ကိုသိန်းမြင့်က စိတ်တိုက်စွာ ညောင်နာချည့်နဲ့ သော လေသံနှင့် ပြန်ပြော လိုက်လေသည် ။

သည် ကြားထဲ ကိုရဲနောင်က တဝါးဝါး နှင့် သမ်းနေသည် ။ ရေစိုအဝတ်တွေက ကိုယ်ငွေ့ နှင့် ခြောက်သွေ့လုလု ဖြစ်ပေ့မယ့်လည်း ချမ်းနေဆဲပင်တည်း။

“ဒီလူပါ ကိုသိန်းမြင့် နဲ့ ထားခဲ့ရလိမ့်မယ်ထင်တယ်၊ ခဏခဏ သမ်းတာ အဖျားဝင်ချင်လို့ ”

သခင်ကံညွန့်က ပြော လိုက်လေသည် ။

“မလုပ်စမ်းပါနဲ့ ဗျာ ... မဖျားချင်ပါဘူး”

ကိုရဲနောင်က ပြန်ဖြေသည် ။

အောက်ထပ် ထမင်းစားခန်းတွင် သီရိဇော်က မြသင်ဆိုသော အိမ်ဖော်မလေးနှင့်အတူ စားဖွယ် ရာများကို ပြင်ဆင်နေသည် ။

မှန်အိမ်မီးရောင်၏ အလင်းမှာ မှိန်လျက် အားနည်းဖျော့တော့လှပေသည် ။ စစ်အတွင်း နေဝင် မီးငြိမ်း အမိန့်က ထုတ်ထားသဖြင့် ညအခါကာလ၌ မှောင်အတိသာ ဖုံးလွှမ်းနေသည် ။ မီးများကို မလွှဲသာလို့ ထွန်းလျှင်လည်း ခပ်အုပ်အုပ်သာ ထွန်းလေသည် ။

အောက်ထပ် ထမင်းစားခန်း စားပွဲရှည်တွင် ငြိမ်သက်စွာ ထိုင်ကြလျက် အားလုံးက သီရိဇော် ၏ လှုပ်ရှားဟန်ကို ငေးမောကြည့်ရှုနေမိကြသ

ည် ။ ဖူးသစ်စ နှင်းဆီး၏ လန်းဆန်းလတ်ဆတ်သော အလှတစ်ရပ်ကို အနီးကပ် လေ့လာခွင့်ရလေသည် ။

အသားရောင်မှာ ကျန်းမာရေး ညီညွတ်စွာ သွေးရောင်လွှမ်းလျက် ဝင်းဖန့်ဖန့် နှင့် စိုပြည် နေသည် ။ ပြေပြစ်သော နဖူးများ နှင့် မျက်နှာမှာ ဘဲဥပုံဏ္ဍာန်ဖြစ်သည် ။ မေးစေ့ချွန်သဖြင့် ချစ်စဖွယ် အသွင်ရှိသည် ။

ထူထဲသော မျက်ခုံးများကား မပြုပြင်ရဘဲ ကွေးကွေးလေး ခုံးနေသည် ။ ဝိုင်းစက်သော မျက်လုံး ကို ရှည်လျားသော မျက်တောင်များက မှင်နှင့် ဆွဲဘိသကဲ့သို့ ကော့ရွှန်းနေသည် ။

ကျောလယ်တွင် ဝဲကျနေသော ဆံပင်များကို ကပိုကရို၊ ဖဲပွင့်အဝါနုရောင် နှင့် ချည်ထားသည် ။ ပိုးပျော့ပျော့ ညဝတ်အင်္ကျီအဝါနုရောင်မှာ ဇာနားတပ် လက်ရှည်ချုပ်ထားလျက် ပိုးတွန့်လုံချည် အစိမ်း နုပြောင်လုံချည်မှာ အောက်တွင် ဖြူဖွေးသော ဇာနားများ ကွပ်ထားလေသည် ။

သေးသွယ်သပ်ရပ်စွာ ပေါ်လွင်သော နှာတံ နှင့် ထူဝန်းသော နှုတ်ခမ်းတို့ သည် မိန်းမငယ်၏ အလှကို ဖြည့်ကူလေသည် ။

စောစောက ဒီပါးစပ်ကလေးကိုပေါ့၊ ကိုယ့်ရဲ့ ကြမ်းတမ်းတဲ့ လက်ဖဝါးနဲ့ ပိတ်ထားမိတာ၊ သူ့နှုတ်ခမ်းလေးဟာ နှင်းဆီပွင့်ဖတ်လေးတွေကို ထိတွေ့ရသလိုပဲ နူးညံ့လိုက်တာ သိပ်အားနာဖို့ ကောင်းတယ်ဟု ကိုရဲနောင်က တိတ်တဆိတ်တွေးနေသည် ။

"ဟင်းကတော့ ဒါပဲ၊ မနက်က ချက်ထားတဲ့ ပဲဟင်း ထမင်းလည်း ကျန်တာပဲ ရာရှင်စနစ်နဲ့ စားပေါ့"

"သီရိဇော်က ခပ်မာမာလေး ပြော လိုက်လေသည် ။

"ရတယ်၊ ရတယ်၊ ဘာမဆို စားတယ်"

သခင်ကံညွန့်က ကပျာကယာ ပြန်ပြော လိုက်လေသည်။

“မာမာက နေမကောင်းလို့ ဝက်သားမစားရဘူး၊ ဟင်းမှာ ဆီတော့ မပါဘူး၊ ငဖယ်အောင်း ငါး ပိကင်ထားတာရှိတယ် မြသင် ချပေးလိုက်” ည

မြသင် ကို အမိန့်ပေး လိုက်လေသည်။ သီရိဇော် နှင့် ယှဉ်လျက် ရပ်နေသော မြသင်က ဗျိုင်းနှင့် ကျီးကန်းပမာ မည်းမည်းကြုတ်ကြုတ်လေးနှင့် ပြာယာခတ်ကာ ကြောင်အိမ်ကိုဖွင့်လျက် စားစရာများကို ကမန်းကတန်း ချပေးနေသည်။ မြင်သင်က နေရင်းထိုင်ရင်း အူမြူးသလို ဖြစ်ကာ တဟီဟီ နှင့် ရယ်နေသဖြင့် သီရိဇော်က “ဟဲ့ ..ဂမ်းတွင် ရှူး” ဟု တီးတိုးမာန်မဲ နေသည်။

သီရိဇော် ၏ မျက်နှာလေးက အလိုမကျသလို အိုနေသည်။ “အလုပ်ကို ရှုပ်နေတာပဲ” ဟု လည်း တီးတိုးရေရွတ်နေသည်။ မကြားတကြားပြောသလိုလို နှင့် တမင်ကြားအောင်လည်း ပြောဟန် ရှိလေသည်။

“ကျွန်တော်တို့ ဘာသာ ခူးခပ်စားပါ့မယ် မသီရိ ...”

သူတို့ ထဲက တစ်ယောက်က အားတောင့်အားနာ နှင့် ပြော လိုက်လေသည်။

“အိုး ... ထမင်းက မနက်အတွက်ပါ ချက်ထားတာ ပဲပြုတ်နဲ့ စားမလို့ အကုန်ခူးစားလိုက်ရင် ဘယ့်နှယ်လုပ်မလဲ ...”

သီရိဇော်က ငြူငြူစူစူလေး ပြော လိုက်လေသည်။

“ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါတော့ စိတ်မချရဘူး”

သခင်ကံညွန့်က ရယ်မောကာ ပြောလိုက်ရာ အားလုံး

ဝိုင်းရယ်မောကြလေသည် ။ တကယ် လည်း သူတို့ ဟန်မဆောင်နိုင်ကြ။ ထမင်းများကို ပလုပ်ပလောင်း နှင့် စားနေကြသည် ။ ကိုရဲနောင် က သီရိဇော်အား မော့ကြည့်ကာ ...

"အငတ်တွေလို စားလိုက်ကြတာလို့ တော့ မအောက်မေ့ပါနဲ့ နော် ... ငတ်တော့ ငတ်နေကြ တာအမှန်ပဲ"

သီရိဇော်က နှုတ်ခမ်းတင်းတင်းစေ့ကာ မဖြေ။ ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည် ။

"ပဲဟင်းက ချဉ်ချဉ်လေး စားလို့ ကောင်းလိုက်တာ"

သခင်ကံညွန့်က ပြောလိုက်ရာ ...

"ဘယ်ကလာ" ဟု သီရိဇော်က ပြောပြီး မြသင်ဘက်သို့ လှည့်ကာ ...

"ဟော့ ... မြသင် နင်မနက်ချက်ထားတဲ့ ပဲဟင်းက အချိုလား အချဉ်လား"

"အချိုချက်ထားတာပါ မမရဲ့ "

"ဒါဖြင့် အဲဒါ သိုးနေတာ သိလား ... ရှင်တို့ စားနေတဲ့ ပဲဟင်းက အသိုးကြီး"

သီရိဇော်က အားရသော မျက်နှာထား နှင့် ပြော လိုက်လေသည် ။

"ရက်စက်ပါပေ့ကွယ်"

ကိုအုန်းမောင် ညည်းညူနေသည် ။ ကိုရဲနောင်က ထမင်းကောင်းကောင်း မစားနိုင်။ တစ်ချိန် လုံး ချေဆတ်နေသည် ။ သီရိဇော်က သူတို့ကို ခါးထောက်ကာ ရပ်ကြည့်နေရမှ ...

"ဒီမယ် ပြောထားရဦးမယ်" ဟု ရာဇသံပေးပြီး ကိုရဲနောင်နှင့် သခင်

ကံညွှန့်ရှိရာသို့ မျက်နှာလည့်လျက် ...

"မာမာရှေ့မှာ ခြောက်လုံးပြူးတွေ လက်နက်တွေ ထုတ်ကိုင်လား ဘာလား မလုပ်ပါနဲ့ ၊ မာမာ့မှာ နှလုံးရောဂါရှိတယ်"

"မထုတ်တော့ပါဘူး စိတ်ချပါ"

ကိုရဲနောင်က အဖြေပေးသည် ။

"ပြီးတော့ ရှင်တို့ ပါပါကိုပြောတဲ့ နာမည်တွေ အမှန် မဟုတ်ဘူး ဆိုတာ ပါပါသိတယ်၊ လတ် စသတ်တာ့ ရှင်တို့ က သူပုန်တွေပဲ"

"ဟာ မဟုတ်ပါဘူး၊ သီရိ အထင်မှားနေပြီ"

"မလိမ်ပါနဲ့ "

"မလိမ်ပါဘူး သီရိရာ မလိမ်ပါဘူး"

သီရိဇော်က ယုံကြည်ခြင်း ကင်းမဲ့စွာ နှင့် ခေါင်းကို ခါရမ်း လိုက်လေသည် ။

"တခြားသူကို လိမ်လို့ ရပေမယ့် ပါပါကိုတော့ ဘယ်တော့မှ လိမ်လို့ မရဘူး၊ ပါပါ က သိပ် ပါးတာ"

သီရိက ဝင့်ကြွားစွာ ပြောသေးသည် ။

"ကျွန်တော်တို့ မလိမ်ပါဘူး၊ လူကြီးကို ဘာလို့ လိမ်ရမလဲ" ဟု သာ ကိုရဲနောင်က ပြောနိုင် လေသည် ။

"ပါပါက အကဲခတ်ပြီးပြီ၊ ဒီကျောင်းသားတွေက မြေအောက်တော်လှန်ရေးသားတွေတဲ့ ၊ မဟာ မိတ်နဲ့ ဆက်သွယ်ပြီး ဂျပန်ကို တော်လှန်မလို့ တဲ့ ၊ ပါပါကတော့ ဗမာပြည် လွတ်လပ်ရေးဆိုတာ မယုံ ဘူးတဲ့ ၊ ဗမာတွေ အင်္ဂလိပ်လက်အောက် ပြန်ရောက်ဦးမှာ ပဲတဲ့ ၊ ပါပါက ဂျပန်ကို

မုန်းတယ်၊ အင်္ဂလိပ် ကိုချစ်တယ် ဒါကြောင့်မို့ ကူညီတာတဲ့ ”

“ကူညီတာကတော့ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားတို့ ထင်တာတွေ တော့ မဟုတ်ပါဘူး”

သခင်ကံညွန့်က ဘူးကွယ်နေသည် ။ သီရိက ဆက်၍ ...

“ပါပါက ဂျပန်ကို မုန်းပေမယ့် အပေါင်းအသင်း လုပ်နေရတယ်၊ ည နေတိုင်း ရေတွင်းမှာ ရေ လာချိုးကြတယ်၊ ဂျပန်တွေနဲ့ ပါပါ အတူတူ “ ဆာကေ” သောက်ကြတယ်၊ အဲအချိန်ကျတော့ သီရိ က ပုန်းနေရတယ်၊ ဂျပန်တွေ မျက်စိကျမှာ စိုးလို့ တဲ့ ၊ ဒါပေမဲ့ သီရိတို့ အခွင့်အရေးတွေအများကြီးရ တယ်၊ သကြား ဒါလောက် ရှားပေမယ့် သီ ရိတို့ အိမ်မှာ သကြား ဘယ်တော့မှ မပြတ်ဘူး၊ မာမာ့အတွက် ဆေးတွေ လည်း လက်ဆောင်ရတယ်၊ အို - ပါပါ ကပြောတယ်လေ၊ ဘယ်လူမျိုးပဲဖြစ်ဖစ် ဗမာထက် တော့ သာတာချည်းပဲ၊ ပေါင်းလို့ သင်း လို့ ကောင်းတယ်တဲ့ ”

သီရိ၏ နောက်ဆုံး ပြောလိုက်သော စကားများကြောင့် ကိုရဲနောင် အားနည်းစွာ ပြုံးလိုက် မိလေသည် ။ အဖျားတက်ချင်သလိုဖြစ်ပြီး ထမ င်းလည်း စားလို့ မရတော့။ ကိုရဲနောင်ဘေးမှ ကိုလှဖေ ဆိုသည် မှာ တ ဟီးဟီး နှင့် အဖျားလုံးလုံး တတ်နေပေပြီ။

သူတို့ အားလုံး ဗမာ့အရေးတော်ပုံအတွက် အစတေးခံ လူငယ်များ ဖြစ်ကြသည် ဆိုသည် ကို သီရိ နားလည်နိုင်မည်လော။

ဗမာ့အရေးတော်ပုံအတွက် မိမိတို့ ကိုယ်ကို မိမိတို့ စတေးခံခဲ့သူများ အရေအတွက်အားဖြင့် အတော်များများ ပေါ်ပေါက်ခဲ့ဖူးချေပြီ။ ဦးဝိစာရ၊ ဗိုလ်အောင်ကျော်၊ ဗိုလ်ဗဖိုး၊ မန္တလေး အာဇာနည် များ တို့ သည် တိုင်းပြ ည်အတွက် မိမိတို့ ၏ အသက်သွေးခဲဖြင့် လဲခဲ့ကြပေပြီ။

နိုင်ငံအတွက် အလုပ်လုပ်ကြရင်း အအိပ်မမှန်၊ အစားပျက်၍ အလွန်ပင်ပန်းနွမ်းနယ်ကာ ညှောင်နာချည့်နဲ့နေကြသော လူငယ်တွေလည်း မနည်းလှပေ။

ကျွန်နိုင်ငံ အကျည်းထောင်အတွင်း၌ အကျည်းချထားခြင်း ခံခဲ့ရသော ကိုဗဟိန်း၊ ကိုဘဆွေကြီး၊ သခင်စိုး၊ သခင်ထိန်ဝင်း စသည့် လူငယ်တွေလည်း ဒုနှင့်ဒေး။

အနှစ်နှစ်အလလက မိုးလေဒဏ်ကြောင့် မွဲညစ်ညစ်အဆင်းပျက်နေသော အုတ်နံရံကြီးများ ၊ နီညို့ညို့ ဆေးရောင်သုတ်ထားသော အကျဉ်းတိုက်များ အတွင်း လေကောင်းကောင်း မရနိုင်သော အခန်းငယ်တွင် ပိတ်လှောင်ထားခြင်းခံရသော နိုင်ငံရေး အကျဉ်းသမားများ ။

ထိုစဉ်က လူငယ်ဆိုသည် မှာ အများအားဖြင့် “သံမဏိ” စိတ်ဓါတ်ရှိသော လူငယ်တွေသာဖြစ် ပြီး အနာဂတ်ကာလအတွက် လှုပ်ရှားခဲ့ကြလေသည် ။

အင်္ဂလိပ်လက်ထက် အင်းစိန်ထောင်မှ ထွက်လာခဲ့ကြသော လူငယ်တို့ သည် ကျောင်းသား အရွယ်များ သာ ရှိသေးသည် ။ ထိုစဉ်တုန်းက ကိုရဲနောင်၏ အသက်သည် (၁၈) နှစ်ပင် မပြည့် တတ် သေးပေ။

အင်္ဂလိပ်နယ်ချဲ့သမားများကို လက်နက်နှင့် တိုက်ထုတ်ရန် ကြိုးပမ်းနေချိန်၌ ရှားစေးရောင် ယူနီဖောင်းဝတ် ချီတက်လှုပ်ရှားဟန်ကို မှုန်မွှားမွှားမြင်ရလေသည် ။ ထိုစဉ်က ကျောင်းသား သမဂ္ဂ ကိုရဲနောင်၊ သို့မဟုတ် သံမဏိ ကိုရဲနောင်။

ထိုအချိန်၌ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းသည် မကွေးမြို့ရေနံမြေ အလုပ်သမားများကို အကူအညီပေးရာတွင် တရားပွဲ၌ တရား

ဟောနေစဉ် မြင်းတပ် လက်နက်ကိုင်များ ဝိုင်းရံထားလေရာ ..

မြင်းခွာတစ်ချက်ပေါက်လျှင်

မီးဟုန်းဟုန်း တောက်စေမည်

ဟု ရဲရဲတောက် စကားပြောခဲ့လေသည် ။

သို့လျှင် ၁၃၀၀ ပြည့် အရေးတော်ပုံ ပေါ်ပေါက်လာသော တစ်ပြည်လုံးမီးဟုန်းဟုန်း တောက် လောင်သည် အထိ ပြန့်ပွားခဲ့ရလေသည် ။

ဒီလို လူငယ်တွေ၏ တန်ဖိုးကို အမြင့်ဆုံး ထားအပ်သည် ဆိုသည် ကို မသိရှာ့သလားဟု ကိုရဲနောင်က တွေးနေသည် ။

မှောင်အတိပြီးတဲ့ ညသည် တိတ်ဆိတ် ငြိမ်သက်လွန်းလှပေသည် ။ သို့သော် မိုးစွဲသွားပြီ ဖြစ်သဖြင့် အပြင်မှ ပိုးမွှား ပုရစ်အော်သံများကို ကြားနေရလေသည် ။ အထူးသဖြင့် ပုစဉ်ရင်ကွဲ အော် သံမှာ အဆက်မပြတ်တစ်စီစီ နှင့် အော်မြည်နေလေသည် ။

လျှပ်ပန်းလျှပ်နွယ်တို့ ကတော့ ပြိုးပြက်နေဆဲပင်။

သီရိက ခါးထောက်ကာ ရပ်နေမြဲနှင့်။

“ကိုယ်စားပြီးတဲ့ ပန်းကန်တွေတော့ တစ်ဆိတ်လေး ဆေးခဲ့ကြပါ၊ မြင်သင်က သရဲကြောက် တတ်တယ်၊ မြသင်ဆေးတာကို ဒိက စောင့်မနေနိုင်ဘူး” ဟု ခပ်မာမာလေးပြောပြီး မှန်အိမ်ကို ထားခဲ့ ကာ ထွက်ခွာသွားလေသည် ။

လူငါးယောက်တွင် သုံးယောက်က နေမကောင်းဖြစ်နေသဖြင့် သခင်ကံညွန့်နှင့် ကိုအုန်းမောင် တို့ က ပန်းကန်တွေကို သိမ်းဆည်းကာ ဆေးကြောရလေသည် ။ နှုတ်ကလည်း တဗျစ်ဗျစ် ရေရွတ်နေသည် ။

“အတော်လာတဲ့ ဟာလေး၊ မာနခဲ မာနအိုး၊ အရေးတော်ပုံမှာ သုံးမရတဲ့ ခဲမှုစေ့၊ ဆန်ကုန် မြေလေး”

ကိုအုန်းမောင်က ပြောတော့ သခင်ကံညွန့်က ...

“မာနရှင်ရယ် ... မုန်းမာန်မဝင်နဲ့ ကွယ် ... နိုင်းယှဉ်ကာပြမယ်...၊ ခင်ပန်ဆင်တဲ့ ပန်းတော်ဝင် နွယ် ... အချိန်တန်ရင် နွမ်းပြော မတည်မြဲတယ်...”

သီချင်းကို ဆောင့်ဆောင့်အောင့်အောင့် ဆိုနေလေသည် ။

စင်စစ် ရယ်ရယ်မောမော နေကြသော်လည်း စိတ်တွေက တုံးတုံးချသည် မဆိုသာ။

ရန်ကုန်က ထွက်လာသည့် ကိစ္စမှာ ထိပ်တန်း လျှို့ဝှက်ကိစ္စဖြစ်လေသည် ။ မည်သူမျှ မရိပ် မိအောင် အနေအထိုင် အသွားအလာမပျက်ဘဲ သိုသိုသိပ်သိပ် ပြင်ဆင်ခဲ့ကြရလေသည် ။ အနီးဆုံး မဟာမိတ်တပ် (အင်္ဂလိပ် - အမေရိကန်တပ်) နှင့် တွေ့သည့်အခါ ပြောရန် လျှို့ဝှက်သော အထိမ်းအမှတ် ဂျီ -အက်(စ်)- အိုင်- ကေ (G.S.I.K) ဟူသော စကားလည်း ပါလာကြသည် ။

# အခန်း (၄)

တစ်ညလုံး ကိုရဲနောင်သည် အဖျားသွေး နှင့် တစ်မေးမှ အိပ်မပျော်ခဲ့ပေ။

အခင်းမပါသော သင်ဖြူထက်တွင် တလူးလူး တလိမ့်လိမ့် နှင့် ဖြစ်နေသည် ။ ကိုလှဖေက မူ သတိလစ်ပြီး ကယောင်ကတမ်းတွေ ရွှေတ်နေသည် ။

"အမေ ... အမေ ..." ဟု နှုတ်မှ ယောင်ယမ်းကာ အိမ်တွင် မျက်ရည်စက်လက် နှင့် ကျန်ရစ် သော အမေကိုလည်း တမ်းတနေသည် ။

"ဟေ့လူတွေ ... ဖွက်ထား ဖွက်ထား၊ အကုန်ဖွက်ထား"

"ကျွေးလိုက်စမ်းပါ ... ကျွေးလိုက်စမ်းပါ၊ ကိုဘိုကြီးကို သူစာချင်းတာ ကျွေးလိုက်စမ်းပါ"

ကိုလှဖေက ဆက်လက်၍ ယောင်နေသည် ။ ကိုရဲနောင်က စိတ်ပူပင်စွာ ကိုလှဖေ၏ နဖူးကို ထစမ်းတော့ တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူပြင်းနေလေသည် ။

"ကိုလှဖေ ... ကိုလှဖေ..."

စိုးရိမ်စိတ်နှင့် ကိုယ်ကို လှုပ်ခေါ်တော့မှ "အင်" ကနဲ တစ်ချက်ထူးလေသည် ။ ကိုလှဖေ၏ ကိုယ်ပေါ်သစို့ သင်္ကာလပ်စောင်များ လွှမ်းခြုံပေးကာ ...

"ခင်ဗျား အဖျားတွေတက်ပြီ ကယောင်ကတမ်း ပြောနေလို့ ဗျ"

သည် တော့လည်း ကိုလှဖေက အားနည်းစွာ ပြုံး လိုက်လေသည် ။ မျက်လုံးများ သည် လေးလံ လာကာ မျက်စိများ မှိတ်သွားပြန်လေသည် ။

ကိုလှဖေသည် အသားအလွန်ဖြူကာ အရပ်မြင့်မြင့်နှင့် ပိန်ပိန်ပါးပါးဖြစ်လေသည် ။ သူ့ရုပ်ရည် နှင့် မလိုက်ဖက်အောင် တုံးပေကတ်သတ် အကြမ်းတမ်းခံနိုင်သူ ဖြစ်သည် ။ ယခုတော့ သူ ဖျားနေပေပြီ။

သခင်ကံညွန့်သည် ကျွဲကော်ကိုင်း မျက်မှန်နှင့် အသားမည်းမည်း ခပ်တောင့်တောင့် အနေအထား ရှိသည် ။ ရုပ်ရည်မှာ ကုလားဆင် ဖြစ်သည် ။ သူက ခုထိ ဘာမှ မဖြစ်။

ကိုအုန်းမောင်မှာ အရပ်ပျပ်ပျပ် နည်းနည်းဝသည် ။ အသားလတ်သည် ။ ရုတ်တရက်ကြည့်လျှင် ကရင်ကြီးနှင့် တူသည် ။

ကိုသိန်းမြင့်သည် အသားအတန်ငယ်ညို၍ အရပ်မြင့်သည် ။ ရွှေကိုင်းမျက်မှန် တပ်ထားသည် ။ အားလုံးထဲတွင် ကိုသိန်းမြင့်သည် ဝါအရင့်ဆုံးသော နိုင်ငံရေး ခေါင်းဆောင်တစ်ဦး ဖြစ်သည် ။ သူသည် မာ့က္ခစ်လီနင်ဝါဒီ၊ လက်ဝဲသမားတစ်ယောက်ဖြစ်သည် ။ ကိုရဲနောင်က အဖွဲ့ခေါင်းဆောင် အဖြစ် တာဝန်ယူရသော်လည်း ကိုရဲနောင်သည် ကိုသိန်းမြင့်၏ သင်တန်းတပည့်တစ်ဦး ဖြစ်ဖူးသည် ။

သို့သော် အချက်ထဲ အခက်ခဲနှင့် ရင်ဆိုင်ရကာ ရှေ့သို့ လှမ်းရမည့် အရေးတော်ပုံခြေလှမ်း တွင် ကိုသိန်းမြင့်ကို ခေါ်ဆောင်လို့ မဖြစ်တော့။ သူ့ဝေဒနာက အတော်ပြင်းထန်သည် ။ သူ့ရောဂါ ကို ကုသရန် လုံခြုံသော တစ်နေရာတွင် ထားခဲ့ရမည်ဖြစ်သည် ။

သူတို့ ထဲ ကိုရဲနောင်သည် အသက်ငယ်ဆုံးဖြစ်သော်လည်း စိတ်ဓါတ်အပြင်းထန်ဆုံး ဖြစ်သည် ။ ကိုရဲနောင်သည် ကိုလှဖေလို အသားဖြူ အရပ်မြင့်သွယ်သည် ။ ကိုယ်နေကိုယ်ထား နည်းနည်း တောင့်တင်းသည် ကလွဲ၍ ရုပ်ရည်က နုဖပ်သည် ။ သူ့မျက်ခုံးမွေးတို့ သည် စိမ်းမှောင်

၍ နှာယောင်ထိပ်တွင် ဆက်နေသည် ။ မျက်လုံးများကား တောက်ပရုံမက စူးရှထက်မြက်သည်။ ပေါ်လွင် သော နှာတံနှင့် မြဲမြဲသေသပ်သော နှုတ်ခမ်းများ ရှိသည် ။

ကိုရဲနောင် အိပ်မပျော်သဖြင့် ငုတ်တုတ်ထိုင်ကာ စီးကရက်ကို ဖွာရှိုက်နေမိသည် ။

ကိုလှဖေ နှင့် ကိုသိန်းမြင့်တို့ ညည်းသံအပြင် သခင်ကံညွန့်နှင့် ကိုအုန်းတောင်တို့ ၏ ဟောက်သံနှင့် သွားကြိတ်သံတို့ က ဆိုင်းချက်ညီစွာ ပေါ်ထွက် လာလေသည် ။

လှျပ်တို့ သည် ဝင်းဝင်းလက်လက် ပြိုးပြက်မြပင်။ ကိုရဲနောင်သည် နံရံကို အသာမှီထိုင်လျက် ဝင်းလက်လာသော လျှပ်ရောင်အောက်မှ အရာဝတ္ထု ပစ္စည်းများကို မမှိတ်မသုန် ငေးမောကြည့် ရှု နေသည် ။

ဂရန်တာဘက်မှ တံခါးဖွင့်ထားတုန်းက ဝင်လာဟန်တူသော ဗာဒံရွက်တို့ ဥည် ကြမ်းပြင်ပေါ် တွင် ရှပ်တိုက်ပြေးလွှားနေသည် ။ သစ်ရွက်တစ်သည် ဂရင့်အမျိုးအစား စန္ဒားပေါ်သို့ ကျနေသည် ။ သီရိ တို့ အခန်းခြေရင်းမှ စန္ဒရားကြီးသည် ခန့်ညားထည်ဝါလှပေသည် ။

သီရိတီးတာ ဖြစ်မှာ ပဲဟု တထစ်ချ တွေးနိုင်ပေသည် ။ စန္ဒရားတွင် ဒီလို လှပသိမ်မွေ့သော မိန်းကလေး ထိုင်နေတာလောက် ကျက်သရေ နှင့် ပြည့်ဝတာ ဘာမှ မရှိ။

ရှေးမြန်မာသီချင်းများ ပဲ တီးလေသလား။ ကာလပေါ်ပဲ တီးလေသလား။ အင်္ဂလိပ်တေးကိုပဲ တီးလေသလား မသိ။

အင်္ဂလိပ်တေးကိုတော့ ကိုရဲနောင် သိပ်မသိ။ ရှေးမြန်မာသီချင်းကြီးများကိုတော့ (၁၂) နှစ် သားအရွယ်ကတည်းက အကျွမ်းဝင်ခဲ့လေသည် ။

သို့သော် သီရိ အင်္ဂလိပ်တေးသွားကိုသာ အလေးထား တီးခတ်လိမ့်မည် ထင်သည်။ အင်္ဂလိပ် သီချင်းဆို၍ ကိုရဲနောင်သိတာ တစ်ပုဒ်တော့ရှိသည် ။ "ရီယိုမြို့တွင် ညတစ်ည" သီချင်းဖြစ်သည် ။ အလိုက်ကို ရသည် ။ သီချင်းသားကတော့ ဝိုးတိုးဝါးတာပင်။

မှတ်မိတာတစ်ခုက စစ်ထွက်ခါနီး စစ်သည် တစ်ဦးသည် သူ့ချစ်သူနှင့် တွဲကကြရင်း နှုတ်ဆက် အနမ်းတွေနှင့် သူ့ချစ်သူအား သူ့ခေါင်းပုံခါတ်ပုံငယ်တစ်ပုံကို ချစ်သူ၏ ရွှေဆွဲကြိုး လော့က်ထဲတွင် ထည့်ရန်လက်ဆောင်အဖြစ် ပေးခဲ့လေသည် ။ ချစ်သူ ဆွဲကြိုးလော့ကက်ထဲတွင် သူ့ခါတ်ပုံ နှင့် ထားခဲ့သည် ။

သူပြန်လာတော့ ဒီလိုပင် ချစ်သူနှစ်ဦးအား တွဲကကြရင်း ချစ်ရေးချစ်ရာအခန်းကို ပြန်ဖွင့် ပြန်သည် ။ ဒီတော့ မိန်းကလေးက မျက်ရည်တွေနှင့် အဖြေပေးသည် ။ လော့ကက်ဆွဲသီးထဲ၌ တခြားယောက်ျားပျိုတစ်ဦး၏ ခါတ်ပုံ ရောက်နေပေပြီတကား။

စိတ်ကူးယဉ် ဘယ်လောက်ဆန်သလဲ။

ကိုရဲနောင် ပြုံးမိလေသည် ။ သို့သော် သီရိရုပ်သွင်က သူ့မျက်စိထဲက မထွက်၊ မျက်စိထဲမှာ ဝဲလည်ဝဲလည် မတွေ့ဘဲနဲ့ အစဉ်မြင်နေပြန်တော့တယ် ဆိုဘိသကဲ့သို့ ဖြစ်နေသည် ။

"ကိုရဲနောင် ... မအိပ်သေးဘူးလား"

ဘေးမှ ကိုသိန်းမြင့်က ညောင်နာနာ လေသံလေး နှင့် တီးတိုး မေးလိုက်လေသည် ။

"အေးဗျ"

ကိုရဲနောင် ဤမျှ သာ ဖြေသည် ။ ကိုသိန်းမြင့်က အဖျားရှိန်နှင့် ပူနေ

သော ကိုရဲနောင်၏ လက်ကို လှမ်းကိုင်ကာ ...

"ခင်ဗျားတစ်ယောက် ဧကန္တတော့..."

"ဘာတုံးဗျ ..."

ကိုရဲနောင်က ရှက်ရှက် နှင့် လူမိသလို ခပ်ဆတ်ဆတ် ပြန်မေး လိုက်လေသည်။

"သီးခါစ ဘူးသီးနုနုလေးကို လုံးချောချောနဲ့ မဒီအလှလေးကြောင့် မဟုတ်လား"

"စိတ်ကူမယဉ်နိုင်ပါဘူးဗျာ ... စိတ်ကူးယဉ်ဖို့ အခြေအနေက မပေးပါဘူး ..."

"တကယ်လား..."

ကိုသိန်းမြင့်က ခနဲတဲ့ တဲ့ နှင့် မေးလိုက်လေသည် ။ ကိုရဲနောင်က ပြုံးလျက် ...

တကယ်ရမှာ ပေါ့ဗျာ ... နို့မဟုတ်ရင် ဘယ်ဖြစ်မလဲ ... ဒီလို လူငယ်ကိစ္စ နှင့် ပတ်သက်ပြီး ကိုဗဟိန်းက ကျွန်တော့်ကို မေးဖူးတယ်ဗျ"

"ဟုတ်လား ... ဘယ်လိုမေးလဲ"

"ကျွန်တော်မှာ ချစ်သူရှိသလားတဲ့ "

"အံမယ် ... ဗဟိန်းက သူ့မှာ မရှိတာကျနေတာပဲ"

ကိုသိန်းမြင့်က ပြောရင်း ခပ်သဲ့သဲ့ ရယ်မောနေသေးသည် ။

"ဒါကြောင့်မို့ သူနဲ့ နှိုင်းစာပြီး ကျွန်တော်ကို ဆုံးမသတိပေးတာပေါ့ဗျာ ... သူက လူငယ်တိုင်း ကို ဒီလိုပဲ လိုက်သတိပေးနေတယ်နဲ့ တူပါတယ်၊ လူငယ်တွေအပေါ်ထားတဲ့ သူ့စေတနာက

တော့ တော်တော် လေးစားစာရ ကောင်းပါတယ် ကိုသိန်းမြင့်ရာ … ခင်ဗျားတို့ ကွန်မြူနစ်ခေါင်းဆောင် တွေထဲမှာ ကိုဗဟိန်းကို အကြည်ညိုဆုံးပဲ၊ သူက ဗိုလ်ယက်နမ် အမျိုးသားခေါင်းဆောင် ဟိုချီမင်းလို လူဗျ … စိတ်သဘောထား ပြည့်ဝပြီး အင်မတန် စိတ်ရှည်တယ်၊ လူတွေကို ချစ်တတ်တဲ့ မေတ္တာဓါတ် သူ့မှာ ရှိတယ်”

“နိုင်ငံရေး မေတ္တာဓါတ်နဲ့ ဆိုလို့ လား …”

ကိုသိန်းမြင့်က မေးရင်း သဲ့သဲ့ရယ်နေပြန်သည် ။

“ဆိုင်တာပေ့ါဗျာ … မေတ္တာဟာ စည်းရုံးရေးမှာ အထိရောက်ဆုံးလက်နက်တစ်ခုပေ့ါ၊ ပြီးတော့ ကိုဗဟိန်း တိုင်းပြည်အတွက် ဘယ်လောက်အနစ်နာခံခဲ့သလဲဆိုတာ လူတိုင်းသိတာပဲ … ခင်ဗျား တို့ ဗမာအစည်းအရုံးထွက်လိုက်ရပြီး ရုပ်ရှင် ဇာတ်ညွှန်းတွေ ရေးနေတဲ့ အချိန်မှာ ကိုဗဟိန်းက ထောင်ထဲ မှာ အစာငတ်ခံပြီး တိုက်ပွဲဝင်နေပြီ … ကွန်မြူနစ်တစ်ယောက်အနေနဲ့ ဒီလို အနစ်နာခံတာ မဆန်း ပေမယ့်…”

“ကော်မြူနစ်လို့ ဆိုစမ်းပါဗျာ”

ကိုသိန်းမြင့်က စကားကိုဖြတ်၍ ကွန်မြူနစ် အသုံးအနှုန်းကို “ကော်မြူနစ်” ဟု ပြင်ပေးလေ သည် ။

“ကွန်မြူနစ်ဆိုတာ လူတိုင်း နားလည်တဲ့ ဝေါဟာရ တစ်ခုပဲ လမုသီးကို နားရွက်မတပ်ချင် စမ်းပါနဲ့ ဗျာ …”

ကိုရဲနောင်က ပြန်ပြောလိုက်သည် ။ ရဲဘော်ရဲဘက်ချင်း ဖြစ်သော်လည်း သူနှင့် ကိုသိန်းမြင့် တို့ သည် စကားအငြင်းပွားမြဲဖြစ်သည် ။ တစ်ခါတစ်ရံ လက်သီးလက်မောင်းတန်းသည် အထိ ဖြစ်ကြ သည် ။ ကိုရဲနောင်က စကားပြောသောအရှိန်မှာ ပြင်းထန်သည် ။ တစ်ခါတစ်ရံ ပေါက်ကွဲ

လုမတတ် ရှိသည် ။ ကိုသိန်းမြင့်က လေအေးအေး နှင့် ကလိတတ်သည် ။

ယခုတော့မူ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည် ။

ကိုရဲနောင်၏ မျက်စိထဲတွင် ကိုဇဟိန်းကိုသာ မြင်ယောင်နေမိသည် ။

ကိုဇဟိန်းကို ညအယ်တီတာဘာဂ နှင့် မြန်မာ့အလင်း သတင်းစာတိုက်တွင် စတင်တွေ့ရ လေသည် ။

သူ့ညာဘက်လက်မှ စီးကရက်မီးခိုးတို့ သည် တလူလူ လွင့်ပါးနေသည် ။ အခန်းထဲမှ စားပွဲပေါ်တွင် ခေါင်းငုံလျက် ဘယ်လက်နှင့် စာရေးနေသည် ။ ကိုဇဟိန်းသည် ဘယ်သန်ဖြစ်သည် ။

ဆံပင်များ သည် လှိုင်းထသည့်နှယ် ကောက်ကွေးနေသည် ။ အသားဖြူဖြူ ကိုယ်ဟန်သွယ် သွယ်၊ ကျယ်ပြန့်ပြေပစ်သော နဖူး၊ အသင့်နီသွေးသော နှုတ်ခမ်းများ နှင့် ချောမွေ့လှပသော လူ တစ်ယောက်ဖြစ်ပေသည် ။ ကြည်လင်သန့်စင်သော မျက်နှာပြင်တွင် သိမ်မွေ့သော အပြုံးပန်းပွင့် လျက် ရှိလေသည် ။

ဖျင်ဖြူတိုက်ပုံအကျႌနှင့် အစိမ်းခြောက်ခြောက် ဘန်ကောက်လုံချည်ကို သပ်ရပ်စွာ ဝတ်ဆင် ထားသည် ။

နှစ်လိုဖွယ် အပြုံး နှင့် …

“ဘယ်သူပါလလဲ”

ယဉ်ကျေးသိမ်မွေ့စွာ မေးလိုက်လေသည် ။

“ကျွန်တော် … ရဲနောင်ပါ … သံမဏိရဲနောင်”

“တွေ့ရတာ ဝမ်းသာပါတယ်… ထိုင်ပါ … ထိုင်ပါ”

ကိုရဲနောင်က စာတစ်စောင်ကို ကိုဗဟိန်းအား ကမ်းပေး လိုက်လေသည် ။ ကိုဗဟိန်း စာကို သေသေချာချာ ဖတ် လိုက်လေသည် ။

“အတော်ပါပဲ ကျွန်တော်တို့ ယူဂျီ (မြေအောက်) လုပ်ငန်းအတွက် လူလိုနေတာနဲ့ …”

ကိုရဲနောင်က ကိုဗဟိန်းအား ငေး၍ သာ ကြည့်နေမိသည် ။

ဤမျှ နုနယ်သိမ်မွေ့သော လူတစ်ယောက်သည် ပြင်းထန်သော စိတ်ဓါတ် နှင့် “မြင်းခွာ တစ်ချက်ပေါက်ရင် ဗမာပြည်ကြီး မီးဟု န်းဟု န်းတောက်စေမယ်” ဟု တန်ခိုးအာဏာ ကြီးမား လှစွာသော နယ်ချဲ့အင်္ဂလိပ်ကို အန်တု ကြုံးဝါးနိုင်ခဲ့သည် မှာ အံ့ဖွယ် အတိပင်တည်။

လူမမြင်ဖူးခင်ကပင် ကိုဗဟိန်းစာများကို ရင်းနှီးသိကျွမ်းခဲ့ရလေသည် ။ ကိုဗဟိန်းရေး၍ ထွန်းအေးစာအုပ်ဖြန့်ချီရေးဌာမှ ထုတ်ဝေသော “ခနရှင်လောက” အမည်ရှိသော စာအုပ်ကို ဖတ်ဖူး ခဲ့သည် ။

မြန်မာစာ အရေးအသား ကျစ်လျစ်သည် ။ ရှင်းလင်းပြတ်သားသည် ။ ဝေါဟာရ ကြွယ်ဝနိုင်နင်း သည် ။ ကိုရဲနောင် စိတ်ထဲ၌ ကိုဗဟိန်းစာအုပ်ထဲမှ “ခေတ်ပြောင်း တော်လှန်ရေး”၊ “အသွင်းပြောင်း လာသော ခနရှင်စနစ်“ ဆိုသည့် စကားများကို အလွတ်ရနေသည် ။

“သူ၏ “လေလွင့်သူ” နှင့် “ဘဝခရီး” ဝတ္ထုတိုတို့ သည် လည်း ဂုဏ်၊ ရသမြောက်သော ဝတ္ထု များ ဖြစ်ပေသည်။

သူကိုယ်တိုင်ကလည်း စာအတော်ဖက်သူဖြစ်သည် ။ ကိုရဲနောင် ရေးသားခဲ့သော ဆောင်းပါး များ ဝတ္ထုတိုများ အကြောင်းကို ဝေဖန်ပြောနေသည် ။ “ကြယ်နီတစ်ပွင့်” ဆိုသည့် ႋ ဆောင်းပါးကို အသေးစိတ်

ဆွေးနွေးနေသည် ။

ကိုဗဟိန်းအား လူအဖြစ် ပို၍ ချစ်ခင်နှစ်လိုဖွယ် ရှိလေသည် ။ အဖ ပွဲစားကြီး ဦးမှ င်၊ အမိ ပွဲကတော် ဒေါ်ဒေါ်ဦး တို့ မှ အရင်းရှင်များကို ရင်ဆိုင်ဖို့ နိုင်ငံရေး သတ္တဝါလေးတစ်ဦးကို မွေး ဖွားခဲ့ လေသည် ။

မန္တလေးမြို့က အမျိုးသား အထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲကို အင်္ဂလိပ်စာ၊ မြန်မာစာ၊ နိုင်ငံသမိုင်း ဘာသာရပ်များကို ဂုဏ်ထူး ဖြင့် အောင်မြင်ခဲ့ပြီး၊ မန္တလေးမြို့ စိုက်ပျိုးရေး ကောလိပ်သိပ္ပံကျောင်းသို့ ပြောင်းရွှေ့၍ အိုင်အေ အထက်တန်းစာမေးပွဲကို မြန်မာပြည် တစ်ပြည်လုံး ပထမစွဲ၍ ပါဠိဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေသည် ။

ကိုဗဟိန်း ရှမ်းပြည်အသွား ကိုရဲနောင် လိုက်ပါသွားတော့ သူမိခင် နှင့် အစ်မများ ကိုဟိန်း ကိုဟိန်း ပါးစပ်ဖျားက မချ။ အမေ့ပေါင်တွင် ခေါင်းအုံးအိပ်တော့ တယုတယ နှင့် ဆံပင်များ သပ်ယပ် ပေးတတ်သည် ။ ဖခင် ဦးမှ င်သည် သူ့ကို စကားမပြောမခေါ်ဘဲ နေသည့်အခိုက် ဖြစ်သော်လည်း သား အချမ်းလုံအောင်ဆိုကာ ရှူးဖိနပ်ကို ကိုယ်တိုင်ဆေးသုတ်ပေးရှာလေသည် ။

သူ့ဖခင် ဦးမှ င်က ...

"သို့ကို ကျုပ်တို့ က ဘယ်လောက်အရိပ်တကြည့်ကြည့်နဲ့ ချစ်ရပေမယ့် သူက မိဘကို နိုင် ငံရေးလောက် ချစ်တာ မဟုတ်ဘူး ၊ ကိုအောင်ဆန်း နဲ့ ဗဟိန်း အတူတူပဲ၊ နိုင်ငံရေးကို မိဘထက် အပုံ ကြီး ချစ်တယ် ..." ပြောရှာလေသည် ။

ဒီလို ပတ်ဝန်းကျင်၏ တယုတယကြားတွင် ကြီးပြင်းလာရသော သူ၏ စိတ်ဓါတ်မှာ ဤမျှ ပြင်းထန်လာသည် မှာ အားကျစရာပင်။ ကိုရဲနောင်က အားအကျကြီး ကျခဲ့လေသည် ။

ကိုရဲနောင်သည် လည်း နိုင်ငံအရေးအတွက် အားလုံးသော အတ္တအကျိုးများကို စွန့်လွှတ်ခဲ့ လေသည် ။ ဆယ်တန်း စာမေးပွဲကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သင်္ချာဘာသာ ဂုဏ်ထူး နှင့် အောင်မြင်ခဲ့သော်လည်း တက္ကသိုလ်သို့ ဆက်မတတ်ဖြစ်တော့ဘဲ နိုင်ငံရေးနယ်ပယ်ထဲ ခြေစုံပစ် ဝင်ခဲ့ လေသည် ။

ဆယ်တန်းအောင်စဉ်ကာလက ကိုရဲနောင်သည် (၁၆) နှစ်သား မျှသာရှိသေးသဖြင့် တစ်ဦးတည်းသော သားလေးကို ဒီဂရီပညာကို ရစေလျက် အရာရှိတစ်ဦးသာ ဖြစ်လာစေလိုသည် ။

သို့သော် နိုင်ငံရေးအစွဲကို ဘယ်လိုမှ ချွတ်မရတော့သော သားငယ် ကိုရဲနောင်ကား (၁၄) နှစ် သားကပင် လက်သီးလက်မောင်းတန်းကာ ရဲရဲတောက် တရားများ ဟောခဲ့လေသည် ။

ထိုစဉ်က ပင်နီအကျႌ ယောလုံချည် နှင့် ကလေးသံ မပျောက်တပျောက် နှင့် တရားဟော နေသော ရဲနောင်တို့ ကျောင်းသားထုက လက်ခုတ် လက်ဝါးတီးကာ ဩဘာပေးလျက် ရှိလေသည် ။

“ဒေါ်ဒေါ်မှီရေ ဒေါ်ဒေါ်မှီသားကတော့ အင်္ဂလိပ်မင်း ဆန့်ကျင်ရေး တရားတွေ ဟောနေလေရဲ့ အနားမှ အရပ်ဝတ်စုံနဲ့ စုံထောက်တွေက ခြေရင်းလိမ်လို့ ...”

မိခင်ဖြစ်သူကို သတင်းပေးသူက ပေးသဖြင့် မိခင် ဒေါ်အေးမှီမှာ တရားပွဲသို့ ရင်ဘက်စည်တီး နှင့် လိုက်လာသည့်အထိပင်။ “သားရေ မမိက်နဲ့ နော်” ဟု တဖွဖွ ပြောနေလေသည် ။

ဒီကြားထဲမှ (၁၆) နှစ်သာသာ အရွယ်တွင် ကိုယ့်အိပ်ရာလိပ် ကိုယ်ထမ်းကာ အိမ်မှ အပြီး အပိုင် တစ်ခါတည်း ထွက်ခဲ့သည် ။

သခင်ဘဂ နှင့် အင်တင်တတ် အပြတ်ပြတ် လမ်းဘေးမှ ဘရာကြော်သု တ်ကိုစား၍ ရေအဂ သောက်ရသည့်အခါ အမေတို့ မကြာခဏ ချက်လေ့ ရှိသော အုန်းနို့ခေါက်ဆွဲကို လည်းကောင်း၊ ပေါင် မုန့် မီးကင်ရှရှကို ထောပတ် သုတ်နှင့် အိုဗာတင်းကို လည်းကောင်း မတမ်းတတော့ပြီ။ တ စ်ခါတစ် ရံ ထမင်းတစ်နပ်၊ နှစ်နပ်ကို ကျော်လွှန်လျက် တစ်ခါတည်း ပေါင်းစားရလည်း သိပ်ဂမ်းမနည်းလှပေ။

နိုင်ငံရေးသာ အမိ၊ နိုင်ငံရေးသာ အဖ၊ နိုင်ငံရေးသာ သည်းပွတ် နှ လုံး ...။

သို့ကြောင့် ညတစ်ည ကိုဗဟိန်း နှသူ့အိမ်သို့ လမ်းလျှောက်ပြန်လာကြရင်း ...”

“ကိုရဲနောင် ... ခင်ဗျားမှာ ချစ်သူရှိသလား”

ဟု စကားအဆက်အစပ်မရှိ မေး လိုက်လေသည် ။

“ခင်ဗျား ... ချစ်သူ”

ကိုရဲနောင်က ရုတ်တရက် သဘောမပေါက်သဖြင့် ပြန်မေးခွန်း ထု တ် လိုက်လေသည် ။

“ခင်ဗျားမှာ ရည်းစားရှိသလားလို့ မေးတာပါ ...”

“ရည်းစား မရှိပါဘူးဗျာ ... ကြံကြီးစည်ရာ ...”

ကိုရဲနောင်က ဖြေရင်း ရယ်နေမိသေးသည် ။ သည် တော့ ကိုဗဟိန်း က လေးနက်တည်ကြည် သော အမူအရာ နှင့် ...

“ချစ်တယ် ကြိုက်တယ် ဆိုတာကတော့ လူငယ်တွေရဲ့ သဘာဂ တ ရားပဲ၊ ဒါပေမဲ့ ခုလို အရေးကြီးနေတဲ့ ငအခါမျိုးမှာ တော့ မိန်းမယူတဲ့

အထိ စိတ်မကူးလေနဲ့က၊ အရေးအကြောင်းဆိုရင် သားမယားရှိတော့ နောက်ဆံတင်းစရာ ဖြစ်လာတယ်၊ သံယောဇဉ် ဘယ်လောက် ဖြတ်နိုင်တယ် ဆိုပေမယ့် ငဲ့ကွက်စရာ ညှာတာစရာတွေ ဖြစ်လာတာပဲ၊ ဒါကြောင့် ကျွန်တော်လို မိန်းမ အယူ မစောစေချင်ဘူး ...”

ထိုစဉ်က ကိုဗဟိန်းသည် ဆရာဖြစ်သင် ကောလိပ်ကျောင်းသူ မခင်ကြီး နှင့် အိမ်ထောင် ပြုခဲ့ ပြီး ဖြစ်သည် ။ ကိုဗဟိန်းသည် မခင်ကြီး အား ချစ်သူဘဝကတည်းကပင် အတော်ချစ်သည် ။ နိုင်ငံရေး လုပ်ငန်း နှင့် ခရီးထွကနေစဉ်ပင် တစ်နေ့ တစ်စောင်ကျ စာရေးသည် ဟု သူ့မိတ်ဆွေ ကိုဌေးမြိုင် (ဒဂုန်တာရာ) ကဆိုလေသည် ။

အဲအချိန်တုန်းကတော့ ကိုရဲနောင်က ဝင့်ကြွားစွာ ပြုံးမိသေးသည် ။

“ချစ်သူဆိုတာ စိတ်ကူးထဲတောင် မထည့်ပါဘူး ကိုဗဟိန်းရာ ...

ကျွန်တော်မှာ နိုင်ငံရေး အလုပ်ကလွဲလို့ တခြားဘာမှ စိတ်ဝင်စားစရာ မရှိပါဘူး ... ကိုယ့် အလုပ်ကို ကိုယ် အားရုံစူးစိုက်နေတာနဲ့ကပဲ တခြားထွေထွေရာရာ စဉ်းစားဖို့ အချိန်မရပါဘူး ...”

ပြောခဲ့မိသေးသည် ။

ယခုတော့ ဒီလို ပြောနိုင်ပါဦးမည်လား။ အဖျားသွေး နှင့် လေးလံနေသော ကိုယ်စိတ်နှစ်ပါး တွင် မနက်ဖြန် ဆက်ရမည့် ခရီးစဉ် နှင့် သီရိကို နှုတ်မဆက်ဘဲ ထွက်ခွာရမည့် အရေးပါ။ အတွေး သောကဆင်လေပြီ။

မှန်အိမ်မီးရောင်လဲ့လဲ့ နှင့် သီရိ၏ အိမ်ခန်းသို့ လှမ်းငေးကြည့်ပြီး သီရိတစ်ယောက် မှန်အိကို ကိုင်မလျက် အခန်းထဲမှ ထွက် လာလေမည်လား ရော်ရမ်းမိသေးသည် ။

ဥရောပ စစ်မြေပြင်အရပ်၌ လ လူနာများ ထားရှိရာ အခန်းများ သို့

တစ်ခန်းပြီးတစ်ခန်း မီးအိမ်တစ်လုံး နှင့် ညဥ့်နက်သန်းခေါင်၌ ပင် လှည့်လည် ကြည့်ရှုပြုစုသော ပထမဦးဆုံး အင်္ဂလိပ် သူနာပြုဆရာမ “ ဖလောရင့်နိုက်တင်ဂေး (လ်)” လို ကျင့်သုံးလျှင် ဘယ်လောက် လျော်ကန်သင့်မြတ် လိုက်မည်လဲ။

ထို့နောက် သီရိ တီးနေကျ ဖြစ်ဟန်တူသော စန္ဒရားလက်သံကို စိတ်မှန်နှင့် နာခံနေမိသည် ။

သီရိ... သီရိ ... သီရိ ခေါ်သံသည် သူ့နှလုံးသားတွင် ပဲ့တင် မြည်ဟည်းနေသည် ။

သို့သော်လည်း ...

မိုးချုန်းသံတို့ သည် သေနတ်အမြောက်တို့ ပစ်ခတ်သံပမာ စိတ်ဝယ်ထင် လာပြီး အနီထဲတွင် ကြည်ဖြူပွင့်သော တော်လှန်ရေး အလံသည် တလူလူ လွင့်ထမူလိုက်သည် ကို မြင်ယောင်နေမိသည် ။ သီရိရုပ်သွင်သည် ပျောက်ကွယ် သွားသည် ။ ထို့နောက် သီရိ ခေါ်သံသည် လည်း တစ်မုဟုတ်ချင်း ဆိတ်သုဉ်း သွားပြီ ဖြစ်လေသည် ။

မကြာမီ မိုးကုတ်စက်ဝိုင်းဆီမှ ပတ္တမြားရည်ပမာ နီရဲသော ရောင်နီတို့ သည် ပျို့အန်းလာပေ တော့မည်။

တော်လှန်ခြင်းဖြင့် အမှောင်ကို ဖယ်ခွင့်တော့မည်။

ပြောရင်းဆိုရင်း လင်းအရုဏ်သည် ထွန်းသစ်သော တက်နေဝန်း နှင့်အတူ ရွှန်းလင်းတော့ မည်တကား။ ။